Press Release

သတင်းထုတ်ပြန်ချက်

**မြန်မာနိုင်ငံ၏ အကြီးဆုံးသော ဈေးဝယ်စင်တာကြီး အဖြစ် လုပ်ကိုင်လည်ပတ်ရန်**
**SHWE TAUNG နှင့် ဂျပန်နိုင်ငံ AEON MALL တို့ ပူးပေါင်းရင်းနှီးမြှုပ်နှံ**

- မြန်မာနိုင်ငံတွင် အနာဂတ်ဈေးဝယ်မှုအတွေ့အကြုံသစ်ကို ပုံဖော်ရန် အကျိုးတူပူးပေါင်းမှုအသစ်ပြုလုပ်
- ၂၀၂၃ တွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံး AEON MALL ကို ဒဂုံဆိပ်ကမ်း၌ ဖွင့်လှစ်သွားမည်




**မြန်မာနိုင်ငံ ၊ ရန်ကုန်မြို့။ ၂၀၂၀ ခုနှစ်၊ ဩဂုတ်လ၊ (၄) ရက် -** မြန်မာနိုင်ငံတွင် အကြီးဆုံးသော ဈေးဝယ်စင်တာကြီးအဖြစ် ရင်းနှီးမြှုပ်နှံတည်ဆောက်ရန် Shwe Taung Real Estate Co., Ltd. (“Shwe Taung”) နှင့် ဂျပန်နိုင်ငံ AEON MALL Co., Ltd. (“AEON MALL”) တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုတွင် Shwe Taung မှ အစုရှယ်ယာ (၃၀) ရာခိုင်နှုန်း၊ Aeon Mall Myanamr Co., Ltd. နှင့် AEON MALL မှ အစုရှယ်ယာ (၇၀) ရာခိုင်နှုန်း ပါဝင်ပါသည်။

မြန်မာနိုင်ငံ၏ ပထမဦးဆုံး AEON MALL ကို ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့၌ Aeon Mall Myanamr Co., Ltd. မှ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။ ၄င်းသည် အကြီးဆုံးသော ဈေးဝယ်စင်တာအဖြစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရွှေလီလမ်းနှင့်ရောဂဏ်လမ်းထောင့်ရှိ (၁၇.၆၃၂) ဧက ပေါ်တွင် တည်ရှိမည်ဖြစ်သည်။ အဆိုပါ ဈေးဝယ်စင်တာတွင် အထပ် (၅) ထပ် ပါရှိမည်ဖြစ်ပြီး စတုရန်းပေ စုစုပေါင်း (၁.၂) သန်း ခန့် ရှိကာ ကားပါ ကင် (၂,၃၀၀) ခန့် ပါရှိမည် ဖြစ်သည်။ ၂၀၂၃ ခုနှစ်ဝန်းကျင်တွင် ဖွင့်လှစ်နိုင်ရန် လုပ်ဆောင်သွားမည် ဖြစ်သည်။

အနာဂတ်ဈေးဝယ်မှုအတွေ့အကြုံသစ်ကို နောင်လာမည့်နှစ်များအတွက် ပုံဖော်ရန်မျော်လင့်သည့် မြန်မာနိုင်ငံရှိ အထင်ကရဈေးဝယ်စင်တာအများစုကို တည်ထောင်လုပ်ကိုင်လျက်ရှိသော လုပ်ငန်းကြီးနှင့် ဂျပန်နိုင်ငံ၏ နံပါတ် (၁) Retailer တို့၏ သဘောတူညီမှုပင်ဖြစ်ပါသည်။ AEON ၏ လက်လီရောင်းချကျွမ်းကျင်မှုနှင့် နိုင်ငံတကာ ဈေးကွက်ချဲ့ထွင်မှုသည် Shwe Taung ၏ တောင့်တင်းခိုင်မာသည့် ဆိုင်ခန်းငှားရန်းသူများနှင့် ဆယ်စုနှစ်များစွာအတွင်း ရရှိထားသော ကုန်တိုက်စီမံခန့်ခွဲမှုကျွမ်းကျင်မှုတို့ကြောင့် ပြည့်စုံမှုရှိမည်ဖြစ်ပြီး နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးရှိသော ပူးပေါင်းဆောင်ရွက်မှုပင်ဖြစ်သည်။ အဆိုပါပူးပေါင်းဆောင်ရွက်မှု ဖက်စပ်လုပ်ငန်းသည် ရှေ့အနာဂတ်ကို မျှော်မှန်းကာ မြန်မာနိုင်ငံတွင် စိတ်လှုပ်ရှားဆန်းသစ်ဖွယ် ဈေးဝယ်စင်တာများကို လုပ်ကိုင် လည်ပတ်ရန် အတွက် ရင်းနှီးဖော်ဆောင်သွားမည်ဖြစ်သည်။ မြန်မာပြည်ရှိဈေးဝယ်သူများအတွက် အပန်းဖြေ အနားယူနိုင်သည့် ကျယ်ဝန်းသော လူမှုပတ်ဝန်းကျင်တစ်ခုဖန်တီးပေးရန် ရည်ရွယ်၍ ခေတ်မီဆန်းသစ်သော ဖျော်ဖြေရေးနှင့် အပန်းဖြေအနားယူစရာများပါဝင်သည့် ဈေးဝယ်နေရာများ ဖန်တီးပေးသွားမည် ဖြစ်သည်။

AEON MALL သည် ဂျပန်နိုင်ငံတွင် အကြီးဆုံးဈေးဝယ်စင်တာကြီးကို လည်ပတ်လုပ်ကိုင်လျက်ရှိသည့်အပြင် ဂျပန်အပါအဝင် နိုင်ငံတကာတွင် AEON MALL အမည်ဖြင့် ဈေးဝယ်စင်တာပေါင်း (၁၇၂) ခုကို ပိုင်ဆိုင် လုပ်ကိုင်လျက်ရှိပါသည်။ အနာဂတ်၏ ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် ကုန်တိုက်များဖြင့် နာမည်ကြီးသည့် AEON MALL သည် မြန်မာဈေးကွက်တွင်လည်း လူနေမှုပုံစံအတွေ့အကြုံသစ်များကို ဆောင်ကျဉ်းပေးလာမည် ဖြစ်သည်။ အဆိုပါဈေးဝယ်စင်တာတွင် retail concept အနေဖြင့် AEON General Merchandising Store နှင့် AEON group of companies နှင့် သက်ဆိုင်သည့် ဂျပန်နိုင်ငံ၏ကုန်အမှတ်တံဆိပ်များဖြစ်သော Entertainment ၊ Pets Care ၊ ခေတ်မီလူသုံးကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ စသည်ဖြင့် ပါရှိမည်ဖြစ်သည်။

Shwe Taung ၏ Junction သည် ဆိုင်ခန်းနေရာ စုစုပေါင်း အကျယ်အဝန်း စတုရန်းပေ (၁) သန်းကျော်ရှိသည့် Junction ဈေးဝယ်စင်တာ (၆) ခု ကို စီမံလုပ်ကိုင်နေသည့် မြန်မာနိုင်ငံ၏ အကြီးမားဆုံးသော Shopping Centre လုပ်ငန်းဖြစ်သည်။ Junction သည် ၁၉၉၉ ခုနှစ်၌ ခေတ်မီဈေးဝယ်စင်တာကို မြန်မာနိုင်ငံတွင် ပထမဦးဆုံး စတင်မိတ်ဆက်ခဲ့ကာ ဆက်လက်၍ နိုင်ငံတွင်း ဈေးဝယ်စင်တာဖွံ့ဖြိုးရေးနှင့်စီမံခန့်ခွဲရေးလုပ်ငန်းများကို ဦးဆောင်လုပ်ကိုင်လျက်ရှိသည်။ ယခုကဲ့သို့ AEON MALL နှင့် ပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် မြန်မာပြည်ရှိ ဈေးဝယ်သူများအနေဖြင့် ဂျပန်နှင့် မြန်မာတို့၏ အကောင်းဆုံး retail concept များကို တွေ့ကြုံခံစားနိုင်မည် ဖြစ်သည်။

"Junction ဟာ မြန်မာပြည်ဈေးဝယ်သူတွေအနေနဲ့ ဆယ်စုနှစ် နှစ်ခုတိုင်အောင် အလွန်ရင်းနှီးပြီးသား နာမည်တစ်ခုပါ။ ကျွန်မတို့ရဲ့ ဆိုင်ခန်းငှားရမ်းသူတွေ၊ ဈေးဝယ်သူတွေနဲ့ လူမှုပတ်ဝန်းကျင်မှာရှိတဲ့ ပြည်သူအများဆီကို သစ်လွင်ဆန်းကျယ်တဲ့ ဈေးဝယ်မှုအတွေ့အကြုံဆန်းတွေနဲ့ လူနေမှုပုံစံသစ်တွေကို ဖော်ဆောင်ပေးဖို့ အခုလို AEON MALL နဲ့ အတူ ပူးပေါင်းလုပ်ကိုင်နိုင်တဲ့အတွက် စိတ်လှုပ်ရှား ဝမ်းသာမိပါတယ်" ဟု Shwe Taung Real Estate ၏ အမှုဆောင်အရာရှိချုပ် ဒေါ်စန္ဒာထွန်းမှ ပြောကြားခဲ့ပါသည်။

AEON MALL ၏ မန်နေဂျင်းဒါရိုက်တာ Mr. Mitsugu Tamai မှ "ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံရဲ့ဈေးဝယ်စင်တာလုပ်ငန်း ပိုမိုဖွံ့ဖြိုးစေဖို့ Shwe Taung Real Estate နဲ့ ပူးပေါင်းလုပ်ကိုင်ရတဲ့အတွက် အရမ်းဝမ်းသာမိပါတယ်။ AEON MALL ရဲ့ ဂျပန်၊ တရုတ်နဲ့ အာဆီယံဒေသတွင်းမှာ ရရှိထားတဲ့ ဈေးဝယ်စင်တာလုပ်ငန်း အတွေ့အကြုံ၊ ဗဟုသုတတွေနဲ့ မြန်မာနိုင်ငံစားသုံးသူတွေကို အဆင့်မြင့်ဈေးဝယ်ဇုန်တွေ၊ အပန်းပြေဖျော်ဖြေရေးနေရာတွေနဲ့ ဒေသတွင်းလူမှုအသိုက်အဝန်းရဲ့ ပလက်ဖောင်းတစ်ခုကတဆင့် လူနေမှုပုံစံအတွေ့အကြုံသစ်တွေကို ကျွန်တော်တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုက ပေးအပ်နိုင်မယ်လို့ ယုံကြည်ပါတယ်။ AEON MALL ဟာ မြန်မာနိုင်ငံ ပိုမိုဖွံ့ဖြိုးတိုးတက်မှုနဲ့ စီးပွားရေးပြန်လည်ဆန်းသစ်မှုရှိစေရေးကို ပါဝင်ပံ့ပိုးခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။" လို့ပြောကြားခဲ့ပါသည်။

-- ### --

AEON MALL **အကြောင်း**

AEON MALL သည် အဓိကစီးပွားရေးအဖြစ် လုပ်ကိုင်လျက်ရှိသည့် အထွေထွေကုန်ပစ္စည်းလက်လီလုပ်ငန်း အပါအဝင် လုပ်ငန်းကဏ္ဍပေါင်း (၇) ခု ကို လည်ပတ်လုပ်ဆောင်လျက်ရှိသော ဂျပန်၏ Aeon Co., Ltd တွင် ပါဝင်ပါသည်။ ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၉) ရက်နေ့ အချက်အလက်များအရ Aeon Co., Ltd သည် ရှယ်ယာထည့်ဝင်ကုမ္ပဏီပေါင်း (၂၈) ခု ဖြင့် လက်အောက်ခံ ကုမ္ပဏီပေါင်း (၂၈၇) ခု ရှိသည့် ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီကြီးတစ်ခု ဖြစ်ပါသည်။ ကုမ္ပဏီသည် ဝယ်ယူသုံးစွဲသူ customer များအား ထိရောက်သည့် အပြန်အလှန်ဆက်သွယ်မှုဖြင့် အရည်အသွေးပြည့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ၎င်းတို့၏ အတွေ့အကြုံရှိ လုပ်ငန်းခွင်စီမံခန့်ခွဲမှုအဖွဲ့မှ ဆောင်ရွက်ပေးအပ်လျက်ရှိပါသည်။

Press Release

AEON MALL သည် ဒေသတွင်းဈေးဝယ်စင်တာလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်သည့် ဂျပန်နိုင်ငံ၏ ပြိုင်ဘက်ကင်းစီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ပါသည်။ ကုမ္ပဏီသည် ဂျပန်နိုင်ငံတွင် ဈေးဝယ်စင်တာ (၁၄၂) ခု၊ ပြည်ပနိုင်ငံများတွင် (တရုတ်နိုင်ငံတွင် ဈေးဝယ်စင်တာ (၂၁) ခု၊ အာဆီယံနိုင်ငံ (၃) နိုင်ငံတွင် ဈေးဝယ်စင်တာ (၉) ခု အပါအဝင်) ဈေးဝယ်စင်တာ (၃၀) ခု အား လည်ပတ်လုပ်ကိုင်လျက်ရှိပါသည်။

ဒေသတွင်းတိုးတက်ဖွံ့ဖြိုးမှု နည်းဗျူဟာတစ်ခု အနေဖြင့် AEON MALL သည် မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့မှုရှိစေရန်အတွက် အခြေခံရင်းမြစ်များကို တည်ဆောက်မြှပ်နှံလျက် ရှိပါသည်။ AEON MALL သည် “စိတ်လှုပ်ရှားဖွယ် ဈေးဝယ်ခြင်းအတွေ့အကြုံများနှင့် တက်ကြွလန်းဆန်းမှုရှိသော လူမှုရပ်ဝန်းမှတဆင့် အတွေးအခေါ်သစ်များရရှိ ကာဝယ်ယူသုံးစွဲသူ customer များ၏ လူနေမှုဘဝများ တိုးတက်မှုရှိစေရန်” ဟူသည့် mission ကို ချမှတ်ကာ ဆောင်ရွက်လျက်ရှိပါသည်။ AEON MALL အနေဖြင့် ဒေသတွင်းလူမှုရပ်ဝန်းကို အလေးထားလျက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးပြန်လည်ဆန်းသစ်မှုရှိစေရေးအတွက် ပံ့ပိုးလုပ်ဆောင်သွားမည် ဖြစ်ပါသည်။

**SHWE TAUNG REAL ESTATE အကြောင်း**

Shwe Taung Real Estate သည် Shwe Taung Group ၏ မြို့ပြတည်ဆောက်မှုလုပ်ငန်း ဖြစ်ပါသည်။ Shwe Taung Real Estate သည် အဆင့်မြင့်အိမ်ယာများ၊ Grade A အဆင့်ရုံးခန်းများ၊ ဈေးဝယ်စင်တာများ၊ စက်မှုဇုန်များ၊ မြို့နယ်ဖွံ့ဖြိုးမှုနှင့် ကမ္ဘာ့အဆင့်မှီဘက်စုံဖွံ့ဖြိုးမှု စီမံကိန်းများကို ဖော်ဆောင် လုပ်ကိုင်လျက်ရှိပြီး မြန်မာနိုင်ငံ၏အအောင်မြင်ဆုံး မြို့ပြဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် တစ်ခုအပါအဝင် ဖြစ်သည်။ မြန်မာနိုင်ငံ၏ မြို့ပြဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များ အစဉ်သဖြင့်တိုးတက်ရေးကို ရှေးရှုလျက် ရေရှည်တည်တံ့မည့် နည်းလမ်းများဖြင့် ပံ့ပိုးဖန်တီးပေးလျက်ရှိပါသည်။

ကျွန်ုပ်တို့သည် နှစ်ပေါင်း (၂၀) ကျော်တိုင်အောင် အရည်အသွေးပြည့်မှီသော မြို့ပြစီမံကိန်းများကို ဖော်ဆောင်လုပ်ကိုင်လျက် ရှိပါသည်။ ကျွန်ုပ်တို့၏ Shopping Centre လုပ်ငန်းဖြစ်သည့် Junction သည် ဆိုင်ခန်း နေရာစုစုပေါင်း အကျယ်အဝန်း စတုရန်းပေ (၁) သန်းကျော်ရှိသည့် Junction ဈေးဝယ်စင်တာ (၆) ခု ကို စီမံလုပ်ကိုင်နေသည့် ဒေသတွင်း အကြီးဆုံးသော Shopping Centre လုပ်ငန်း ဖြစ်ပါသည်။ Junction သည် ၁၉၉၉ ခုနှစ်၌ ခေတ်မီဈေးဝယ်စင်တာကို မြန်မာနိုင်ငံတွင် စတင် မိတ်ဆက်မှုပြုကာ ဒေသတွင်း လက်လီ လုပ်ငန်းကို ဆန်းသစ်မှုပြုရာတွင် ရှေ့ဆောင်လုပ်ကိုင်သူဖြစ်သည်။ ထို့သို့ရှေ့ဆောင်လုပ်ကိုင်သည့် လုပ်ငန်းများတွင် ၂၀၁၆ ခုနှစ်၌ ဖွင့်လှစ်သည့် ကမ္ဘာ့အဆင့်မီ Junction City လည်း အပါအဝင် ဖြစ်သည်။ ကျွန်ုပ်တို့၏ လုပ်ငန်းရည်ရွယ်

Press Release

ချက်များနှင့်အတူ ရပ်ရွာလူမှုထံသို့ ခေတ်မီဆန်းသစ်မှု၊ ရေရှည်တည်တံ့ခိုင်မြဲမှု၊ တာဝန်ယူမှုရှိသော မြို့ပြဖွံ့ဖြိုး တိုးတက်မှုလုပ်ငန်းအဖြစ် ဖော်ဆောင်လုပ်ကိုင်လျက်ရှိပါသည်။

Shwe Taung Real Estate သည် Shwe Taung Group ၏ ဂုဏ်ယူရသော လုပ်ငန်းဖြစ်ပါသည်။ ကျွန်ုပ်တို့ သည် မြန်မာပြည်သူပြည်သားများအတွက် အကောင်းဆုံးတီထွင်ဖန်တီးမှုနှင့် ရေရှည်တည်တံ့မှုရှိသည့် မြို့ပြ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဟု ကတိကဝတ်ပြုထားပါသည်။

**MEDIA CONTACT**

Aye Mon Thu
Head, Communications and Sustainability Development Department
Corporate Office, Shwe Taung Group
Email : ayemthu@shwetaunggroup.com
Mobile : +95 9 255111107